ကညီသးစၢ်ကရၢ (လီၢ်ခၢဉ်သး)
**KAREN YOUTH ORGANIZATION (Central)**
Email: kyohgktl@gmail.com

**(၃၅) နှစ်ပြည့် ကရင်လူငယ်အစည်းအရုံးနေ့ သို့ ပေးပို့သော ဗဟို ကရင်လူငယ်အစည်းအရုံး ၏ သဝဏ်လွှာ**

နေ့ရက် - (၂၃)ရက်၊ မေလ၊ ၂၀၂၄ ခုနှစ်

**ကရင်လူငယ်အပေါင်းတို့ . . .**

ယနေ့သည် ကရင်လူငယ်အဆက်ဆက် စည်းလုံးညီညွတ်နေရန်၊ သမိုင်းပေး အမျိုးသားရေးတာဝန်ကို လက်လွှဲ ယူ၍ ကရင်လူမျိုးတို့ ၏ သာယာအေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း နှင့် ကရင်တမျိုးသားလုံး ၏ နိုင်ငံရေး မျှော်မှန်းချက် ကို ပြီးပြည့်စုံစေ ရန်အတွက် ကရင်လူငယ်အစည်းအရုံး အား ဖွဲ့စည်း တည်ထောင် ခဲ့သည်မှာ (၃၅)နှစ် တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ ကရင်လူမျိုး၏ အကျိုးအတွက် ကိုယ်ကျိုးစွန့်ခဲ့သော၊ တန်ဖိုးရှိသော ခန္ဓာ၊ ရုပ်အင်္ဂါ နှင့် အသက် ကိုပင် စွန့်လွှတ်ခဲ့ကြသော ကရင်လူငယ် ခေါင်းဆောင်များ၊ ရဲဘော်များ အားလုံးကို ဤသို့သော ကရင်လူငယ်အစည်းအရုံး ၏ (၃၅)နှစ် ပြည့် အခါသမယတွင် အလေးအမြတ်ထား ဦးညွှတ်လျက် ဂါရဝပြုလိုပါသည်။ ကရင်လူငယ် မောင်မယ်များ အားလုံး ကိုယ်ကျန်းမာ စိတ်ချမ်းသာလျက် တော်လှန်ရေးစိတ်ဓာတ် အပြည့်အဝ ရရှိပြီး ဖိနှိပ် ချုပ်ချယ် ခံနေရသော ကရင်လူမျိုးတို့ ၏ လွတ်မြောက် ရေး အတွက် သွေးစည်းညီညွတ်စွာဖြင့် လက်တွဲလုပ်ဆောင် သွားနိုင်ကြပါစေကြောင်း တဆက်တည်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကရင့်အမျိုးသား နိုင်ငံရေးရုန်းကန်လှုပ်ရှားမှု အတွက် အင်အား နှင့် အထောက်အကူ ဖြစ်စေရန် ကရင့် ခေါင်းဆောင်များ မှ ကရင်လူငယ်အစည်းအရုံး ကို (၁၉၄၅) ခုနှစ် တွင် ပထမဆုံးအကြိမ် ဖွဲ့စည်း ပေးခဲ့ပါသည်။ ကရင် တမျိုးသားလုံး လှုပ်ရှားမှု အတွင်း ကရင့်နိုင်ငံရေး ဦးဆောင်မှု တည်တံ့မြဲမြံစေရန် နှင့် ကရင်လူမျိုးများအား စည်းရုံး ရာတွင် တစုတစည်းတည်း ဖြစ်ရန် (၁၉၄၇) ခုနှစ် တွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ကို ဖွဲ့စည်း ခဲ့ချိန် တွင် ကရင်လူငယ်အစည်းအရုံး သည် လည်း KNA, BKNA နှင့် KCO စသည့် အဖွဲ့များ နှင့်အတူ ပါဝင်ခဲ့ပါသည်။ ကရင့် အမျိုးသား တော်လှန်ရေး နှစ်ပေါင်း (၄၀) ကျော်ပြီးနောက် ကရင်ခေါင်းဆောင် အများ မှ ကရင့်တော်လှန်ရေး လိုအပ် ချက်အတွက် အင်အား၊ အထောက်အကူ ဖြစ်စေရန် ခေါင်းဆောင်အများ ၏ ထောက်ခံမှုဖြင့် ကရင်လူငယ်အစည်းအရုံး ကို (၁၉၈၉) ခုနှစ်၊ မေလ (၂၃) ရက်နေ့ တွင် မာနယ်ပလော ၌ ပြန်လည် ဖွဲ့စည်း ခဲ့ပါသည်။ ထို့ကြောင့် ကရင်လူငယ် အစည်းအရုံး ခေါင်းဆောင်အဆက်ဆက် သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး နှင့် တွဲဘက်လျက် ရုန်းကန် လှုပ်ရှားခဲ့ကြသည် မှာ ယခုတွင် (၃၅) နှစ် ပြည့်ခဲ့ပါပြီ။

**ကရင်လူငယ်အပေါင်းတို့ . . .**

ဖိနှိပ်အုပ်ချုပ် မှု အပေါင်းမှ မိမိတို့ ကရင်လူမျိုး လွတ်မြောက်ရန် အတွက် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး မှ ကရင့်တော်လှန်ရေး အား ဦးဆောင်၍ ပြည်သူလူထု ကို အနိုင်ကျင့် ဖိနှိပ်အုပ်ချုပ် နေသော စနစ်ဆိုး ကို တော်လှန် ခဲ့သည်မှာ နှစ်ပေါင်း (၇၀) ကျော်ခဲ့ပြီ ဖြစ်သည်။ ကရင်လူငယ် မျိုးဆက် အဆက်ဆက် မှ ကရင်အမျိုးသား ရေး သမိုင်းပေးတာဝန်များ ကို လက်ဆင့်ကမ်း ပုခုံးပြောင်း တာဝန်ယူ ပေးခဲ့ခြင်း မရှိပါက ကရင့်တော်လှန်ရေး သည် အားအင် ချည့်နဲ့ သွားမည် ဖြစ်ပြီး အချိန်ကာလ ကြာမြင့် လာကာ ပန်းတိုင် မရောက်ရှိ နိုင်တော့ သည့် အပြင် ကရင် လူမျိုး ၏ ဘဝ တည်ငြိမ်အေးချမ်းမှု သည်လည်း စိုးရိမ်ဖွယ်ရာ ဖြစ်လာနိုင်ပါသည်။ ကရင်အမျိုးသားခေါင်းဆောင်များ၊ ရဲဘော်များ နှင့် အာဇာနည်များ ၏ ပေးဆပ်ခဲ့မှုများ နှင့် လက်ဆင့်ကမ်းပေး ခဲ့သော သမိုင်းပေးတာဝန်ကြီး တရပ် သည် မိမိတို့ လူမျိုး ကို စနစ်ဆိုး ၏ ဖိနှိပ်မှုမှ လွတ်မြောက်ရန် ကရင်လူငယ်

မျိုးဆက် တစ်ဆက်ပြီး တစ်ဆက် လွဲပြောင်း တာဝန်ယူ ခဲ့ကြခြင်းကြောင့် ကရင့်တော်လှန်ရေး သည် ယနေ့ထိတိုင် ရပ်တည်နေနိုင်ပြီး ယနေ့ခေတ် ပြည်တွင်း အာဏာရှင်စနစ် ချုပ်ငြိမ်းရန်၊ မဟာလူမျိုးကြီးဝါဒ ပျက်သုဉ်းရန် ပြည်သူလူထု အများ မှ တော်လှန်ရေး စတင် ဆင်နွှဲ လာချိန် အတွက် အထောက်အကူများစွာ ဖြစ်စေပါသည်။

ကရင့်တော်လှန်ရေး ရည်မှန်းချက် ပြီးမြောက်ခြင်း မရှိသေးပါ။ စနစ်ဟောင်း ၏ ဖိနှိပ်အုပ်ချုပ်မှု အောက်တွင် ရှိနေဆဲ ဖြစ်သည်။ ကရင့်တော်လှန်ရေး အနှစ်(၇၀) ကျော် ပြီးနောက် ကရင်တမျိုးသားလုံးအား ကရင့်တော်လှန်ရေး ပန်းတိုင် ရောက်သည် အထိ ပို့ဆောင်ပေးရန် နှင့် ပုခုံးပြောင်း တာဝန်ယူရန် အရေးကိစ္စ သည် မိမိတို့ ၏ ကရင်လူငယ် မျိုးဆက် (၄) ဆက် မြောက် ၏ တာဝန်ပင် ဖြစ်သည်။ ကရင့်တော်လှန်ရေး မျှော်မှန်းချက် ပန်းတိုင် သည် လူတစ်စု၊ အဖွဲ့တစ်ဖွဲ့ ၊ မျိုးဆက်တစ်ဆက် တည်း အတွက်သာမဟုတ်ပါ။ ကရင် တမျိုးသားလုံး၊ ပြည်သူလူထု တရပ်လုံး ၏ လိုလား တောင့်တချက် နှင့် အနာဂတ် မျိုးဆက် အဆက်ဆက် အတွက် ဖြစ်သောကြောင့် မိမိတို့ အနေဖြင့် ကရင်လူမျိုး နှင့် ဖိနှိပ်ခံလူတန်းစား များ အတွက် ခိုင်ခိုင်မာမာ ရပ်တည် ရန်၊ ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် စွမ်းစွမ်းတမံ လုပ်ဆောင် ရန်၊ အဓိကရန်သူ ကို တိုက်ဖျက်ရမည့် ပန်းတိုင် တည့်မတ်ရန် ဖြစ်ပါသည်။ တဆက်တည်း မှာပင် မိမိတို့ လူမျိုး ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေး၊ ဖူလုံကြွယ်ဝရေး နှင့် ကရင်လူမျိုး တည်တံ့ခိုင်မာရေး အတွက် ကရင်လူငယ် မျိုးဆက်သစ်များ ကို မွေးထုတ်ပျိုးထောင်ပြီး အမျိုးသားရေး တာဝန် ကို လက်ဆင့်ကမ်း ပေး ရမည် ဖြစ်သည်။

**ကရင်လူငယ်အပေါင်းတို့ . . .**

ပြည်တွင်း နိုင်ငံရေးအခြေအနေ ကြောင့် ကရင်လူငယ်မောင်မယ်များ အနယ်နယ် အရပ်ရပ် သို့ ကွဲပြားရောက် ရှိ နေကြရသည်။ လူမျိုးအပေါင်း ကို ဖိနှိပ်အနိုင်ကျင့်နေသည့် စနစ်ဆိုး ကို ရင်ဆိုင်ကြုံတွေ့ကြရသည်မှာ ဘိုးဘေးများ ခေတ် မှ ယနေ့ အထိပင် ဖြစ်ပါသည်။ စနစ်ဆိုး အဆက်ဆက် ၏ ဖိနှိပ်အုပ်ချုပ်မှု၊ လူမျိုး အသီးသီး ကို ပျောက်ကွယ် သွားအောင် လုပ်ဆောင်နေမှုများ ကို ပြန်လည်တွန်းလှန် ရင်း လူမျိုးတစ်မျိုး အဖြစ် ယနေ့ အထိ ရပ်တည်နေနိုင်ရသည်မှာ မိဘပြည်သူများ ၏ ကရင့်တော်လှန်ရေး ကို ထောက်ခံအားပေးမှု တာဝန်ပေးရွေးချယ်မှု ကြောင့်ပင် ဖြစ်ပါသည်။ ကရင့်တော်လှန်ရေး သည် ဖိနှိပ်အုပ်ချုပ် မှု အပေါင်း မှ ကရင်တမျိုးသားလုံး ၏ လွတ်မြောက်ရေး၊ ကရင်လူမျိုး အကျိုးစီးပွား အတွက် ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးနိုင်ရေး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကရင့်နိုင်ငံရေးကံကြမ္မာ ကို ကရင်လူငယ်များ၊ တော်လှန်ရေး သမားများ သည် တော်လှန်ရေးအတွက် မိမိတို့ ၏ စွမ်းအား၊ မိဘပြည်သူများ ၏ ထောက်ခံအားပေးမှု များ တွင် အမှီသဟဲ ပြုရမည် ဖြစ်ပါသည်။

ကရင်လူငယ်မောင်မယ်များ၊ မိဘပြည်သူများသည် ပြည်ပ မဟုတ်သော ပြည်တွင်း၌ နေထိုင်ပြီး ကရင့်တော်လှန်ရေး လုပ်ငန်း များ ကို လုပ်ဆောင်နေခြင်းကြောင့် ကရင့်တော်လှန်ရေးသည် ယနေ့အထိတိုင် ရပ်တည်နေနိုင်ခြင်း ဖြစ်သည်။ ပြည်တွင်း နိုင်ငံရေးအနိုင်ကျင့် အုပ်ချုပ်မှုကြောင့် မိဘပြည်သူအများ အနာဂတ် တိုးတက်ဖွံ့ဖြိုးရေး အတွက် နိုင်ငံရပ်ခြား သို့ ရွှေ့ပြောင်းနေထိုင်ကြရပြီး ယခုတွင် ကရင်လူငယ်မောင်မယ်အချို့မှာ ကဏ္ဍပေါင်းစုံ ၌ ပညာရှင်များ ပေါ်ပေါက်လာပြီ ဖြစ်သည်။ ယနေ့အချိန်တွင် ကရင့်နိုင်ငံရေး လမ်းကြောင်း သည် ကော်သူးလေ (ခေါ်) ကရင်ပြည် ကို တည်ထောင်နိုင်ရန် ယခင် ကဲ့သို့ အုပ်ချုပ်သူ အစိုးရ နှင့် တွေ့ဆုံဆွေးနွေးမှု မဟုတ်တော့ဘဲ ကရင့်နိုင်ငံရေး ၏ ကံကြမ္မာ ကို အခြေခံလူတန်းစား မိဘပြည်သူများ ကိုပါ ပါဝင်လာစေသည့် မဟာဗျူဟာ ဖြစ်သဖြင့် နေရာအနှံ့သို့ ရောက်ရှိပြန့်ကျဲနေသော ကရင်လူငယ်များ ၏ အတွေးအခေါ်များ စုစည်းပြီး၊ အကြံဉာဏ် ပေးခြင်း နှင့် ထောက်ပံ့ဝန်းရံခြင်းများ မလွဲမသွေ ရှိလာမည်ဆိုပါက ကရင့်တော်လှန်ရေး သည် တိုးတက် ပြောင်းလဲလာပြီး အောင်မြင် မည် မှာ မုချ ပင် ဖြစ်သည်။ ဖိနှိပ်ခံရသူများ၊ အခြားသော လူမျိုးစု များ

အချင်းချင်း စည်းလုံး ညီညွတ်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း ဖြင့် ပြည်သူလူထု နှင့် အတူ လက်တွဲ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

ကရင်လူငယ်များ၊ မိဘပြည်သူများ နှင့် ကရင့်တော်လှန်ရေးခေါင်းဆောင်များ အားလုံး စည်းလုံး ညီညွတ်ပြီး တစ်စိတ်တစ်ဝမ်းတည်းဖြင့် ပန်းတိုင်တစ်ခုတည်းဆီသို့ အတူတကွ ချီတက်လျှောက်လှမ်းကာ တိုင်းသူပြည်သားများ ၏ မျှော်မှန်းချက်၊ ဒီမိုကရေစီ အခွင့်အရေး အပြည့်အဝ ရရှိလျက် တရားမျှတခြင်း၊ ငြိမ်းချမ်း ခြင်း၊ တိုးတက်ဖွံ့ဖြိုးခြင်း၊ ဖူလုံကြွယ်ဝခြင်းများ စုံလင် ပြည့်ဝ သော ပြည်တွင်း လူမှု အသိုင်းအဝိုင်း အသစ် ကို တည်ဆောက် နိုင်ကြပါစေ။

ကရင်လူငယ်များ အထဲ၌ တော်လှန်ရေးစိတ်ဓာတ် ပြည့်ဝနေပါစေ

ကရင့်တော်လှန်ရေး မုချ အောင်မြင် ရမည်

အလုပ်အမှုဆောင်ကော်မတီ

ကရင်လူငယ်အစည်းအရုံး-ဗဟို

ကော်သူးလေ